# INDIANA တက္ကသိုလ် ကျန်းမာရေးအတွက် ငွေကြေးအကူအညီဆိုင်ရာ မူဝါဒ အကျဉ်းချုပ်

ကျွန်ုပ်တို့၏မူဝါဒတွင် သတ်မှတ်ထားသည့် အရည်အချင်းပြည့်မီသော စောင့်ရှောက်မှုကို လက်ခံရရှိသော သတ်မှတ်ချက်ပြည့်မီသည့် လူနာအားလုံးအတွက် *IU Health* ဆေးရုံ၊ လက်လီဆေးဆိုင်၊ ပြင်ပလူနာခွဲစိတ်ကုသရေးဌာန *(ASC)* တွင် သို့မဟုတ် *IU Health Medical Group (IUHMG)* က အလုပ်ခန့်ထားသော ဝန်ဆောင်မှုပေးသူများထံမှ ငွေကြေးအကူအညီ ရရှိနိုင်ပါသည်။ သင်သည် *IU Health* ဆေးရုံတွင် အရည်အချင်းပြည့်မီသော စောင့်ရှောက်မှုကို ရရှိပြီး အာမခံမထားရှိပါက သင်သည် အလိုအလျောက် လျှော့စျေး ရရှိမည်ဖြစ်ပြီး ထို *IU Health* ဆေးရုံတွင် အာမခံအကာအကွယ်ရှိသော လူနာများထံ ယေဘုယျအားဖြင့် ကောက်ခံသည့် ပမာဏကိုသာ ကောက်ခံပါမည်။ *IU Health* လက်လီဆေးဆိုင်၊ *ASC* သို့မဟုတ် *IUHMG* မှ အရည်အချင်းပြည့်မီသော စောင့်ရှောက်မှုကို ရယူနေသည့် အာမခံမထားရှိသော လူနာများသည် လျှော့စျေး ရရှိနိုင်ပါသည်။ သင်၏ အာမခံမှ အကျုံးဝင်ခံစားခွင့်မပေးထားသော ဆေးကုသမှုဆိုင်ရာအရ လိုအပ်သည့် ဝန်ဆောင်မှုကို သင်ရရှိပါက သင့်အနေဖြင့် အာမခံမရှိသော လူနာများရရှိသည့် လျှော့စျေးနှင့် အလားတူ လျှော့စျေးကို ရရှိပါမည်။ ကျွန်ုပ်တို့၏မူဝါဒတွင် သတ်မှတ်ထားသည့်အတိုင်း ဝန်ဆောင်မှုများကို ငွေပေးချေခြင်းအတွက် *IU Health* နှင့် ကြိုတင်ညှိနှိုင်းထားသော သဘောတူညီချက်တစ်ခုကို ချုပ်ဆိုပါက ဤမူဝါဒအရ သင်သည် ငွေကြေးထောက်ပံ့မှုအတွက် သတ်မှတ်ချက်မပြည့်မီပါ။

သင်သည် *IU Health* ငွေကြေးထောက်ပံ့မှု မူဝါဒတွင် သတ်မှတ်ထားသည့်အတိုင်း အင်ဒီယားနားပြည်နယ်၌ နေထိုင်သူဖြစ်ပြီး အရည်အချင်းပြည့်မီသော စောင့်ရှောက်မှုကို ရရှိ၍ ဆေးကုသမှုဆိုင်ရာ ကုန်ကျစရိတ်များကို ပေးဆောင်ခြင်းသည် သင့်အတွက် ငွေကြေးအခက်အခဲတစ်ခုဖြစ်စေပြီး အပိုဆောင်းထောက်ပံ့မှုကို သင်လျှောက်ထားပါက ၎င်းကိုရရှိရန် သတ်မှတ်ချက်ပြည့်မီနိုင်ပါသည်။ သင်သည် အောက်တွင် ဖော်ပြထားသည့် ဖက်ဒရယ် ဆင်းရဲမွဲတေမှုအဆင့် *(FPL)* စံနှုန်းများနှင့် ကိုက်ညီပါက သင်၏ ဆေးကုသမှုဆိုင်ရာ ကုန်ကျစရိတ်အပြည့်အဝအထိ ငွေကြေးထောက်ပံ့မှုရရှိရန် သတ်မှတ်ချက်ပြည့်မီနိုင်သည်။

| အိမ်ထောင်စုအတွင်း အရွယ်ရောက်ပြီးသူ ဦးရေ | အိမ်ထောင်စုအတွင်း မှီခိုသူဦးရေ | *FPL* ဝင်ငွေ ကန့်သတ်ချက် |
|---|---|---|
| 1+ | 0 | 200% |
| 2+ | 1+ | 250% |
| 1 | 1+ | 300% |

သင့်ဝင်ငွေသည် ဤအဆင့်များထက် ကျော်လွန်နေသော်လည်း သင်ပေးရန်ရှိသော ပမာဏသည် သင့်နှစ်စဉ်အိမ်ထောင်စုဝင်ငွေ၏ *5%* ထက်ပိုပါက သင့်လူနာလက်ကျန်ငွေကို သင့်နှစ်စဉ်ဝင်ငွေ၏ *5%* အထိ

လျှော့ချရန်အတွက် လျှော့စျေးရရှိရန် သတ်မှတ်ချက်ပြည့်မီနိုင်ပါသည်။ ငွေကြေးအခက်အခဲကြောင့် ငွေကြေးထောက်ပံ့မှုအတွက် ခွင့်ပြုချက်မရသော ဆေးရုံလူနာသည် လူနာများ ဝန်ဆောင်မှုရရှိခဲ့သည့် သက်ဆိုင်ရာ *IU Health* ဆေးရုံအဆောက်အအုံမှ ပေးအပ်သော အလားတူစောင့်ရှောက်မှုအတွက် အာမခံအကာအကွယ်ရှိသော လူနာများအား ယေဘုယျအားဖြင့် ကောက်ခံသည့် ပမာဏထက် ပိုမိုကောက်ခံခြင်းခံရပါမည်။

ငွေကြေးထောက်ပံ့မှု လျှောက်လွှာအပြည့်အစုံတွင် ထည့်သွင်းစဉ်းစားရမည့် လိုအပ်သော ပူးတွဲပါဖိုင်များနှင့် အချက်အလက်အားလုံး ပါဝင်ရမည်။ သင့်အနေဖြင့် အပိုဆောင်းအကူအညီ ရရှိနိုင်မည့်သတ်မှတ်ချက်နှင့် ကိုက်ညီမှုရှိမရှိကို *IU Health* က ဆုံးဖြတ်ပေးမည်ဖြစ်ပြီး *Medicaid* နှင့် *Healthy Indiana Plan* တို့အပါအဝင် ပြည်နယ်အထောက်အပံ့ ပရိုဂရမ်များအတွက် လျှောက်လွှာဖြည့်စွက်ရာတွင် ကူညီပေးပါမည်။ ငွေကြေးထောက်ပံ့မှုကို ခွင့်ပြုခဲ့ပါက သင်၏ လျှော့ချထားသော လက်ကျန်ငွေပါရှိသည့် စာဖြင့် အကြောင်းကြားစာနှင့် အပ်ဒိတ်လုပ်ထားသော စာရင်းရှင်းတမ်းကို သင်လက်ခံရရှိပါမည်။

*IU Health* ငွေကြေးထောက်ပံ့မှုလျှောက်လွှာ၊ ငွေကြေးထောက်ပံ့မှု မူဝါဒနှင့် *IU Health* ငွေကြေးထောက်ပံ့မှုဆိုင်ရာ အကျဉ်းချုပ်ကို အခကြေး ငွေပေးရန်မလိုဘဲ *IU Health* တည်ရှိရာနေရာတိုင်းရှိ မှတ်ပုံတင် စာရင်းသွင်းရာ နေရာတွင် ရရှိနိုင်သည် သို့မဟုတ် အွန်လိုင်းမှ *www.iuhealth.org/financialassistance* တွင် ရနိုင်သည်။ မူဝါဒ၊ လျှောက်လွှာနှင့် ဤရှင်းလင်းလွယ်ကူသော စကားအသုံးအနှုန်းနှင့် ရေးထားသော အကျဉ်းချုပ်ကို အင်္ဂလိပ်ဘာသာစကားအပြင် အောက်ဖော်ပြပါ ဘာသာစကားများဖြင့်လည်း ဒေါင်းလုဒ်ဆွဲခြင်း သို့မဟုတ် ပုံနှိပ်ထုတ်ခြင်း လုပ်ဆောင်နိုင်ပါသည်- အာရဗီ၊ မြန်မာ၊ ဟားခါးချင်း၊ ဖလမ်း၊ မန်ဒရင်းတရုတ်နှင့် စပိန်။

ရရှိနိုင်သော ငွေကြေးထောက်ပံ့မှုနှင့် လျှောက်လွှာတင်ခြင်းလုပ်ငန်းစဉ်နှင့်ပတ်သက်၍ ပိုမို သိရှိလိုပါက အသိအမှတ်ပြု ငွေကြေး လမ်းညွှန်သူနှင့် စာရင်းသွင်းရန်ရက်ချိန်း တောင်းခံခြင်း သို့မဟုတ် လျှောက်လွှာ စာရွက်စာတမ်းများ၏ အခမဲ့မိတ္တူများကို စာတိုက်မှတစ်ဆင့် တောင်းခံခြင်း ပြုလုပ်နိုင်ပါသည်၊ ယင်းအတွက် ကျွန်ုပ်တို့၏ ဖုန်းနံပါတ် *1-888-531-3004* ကို ဆက်သွယ်ပါ သို့မဟုတ် *IU Health* တည်ရှိရာနေရာတိုင်းရှိ မှတ်ပုံတင် စာရင်းသွင်းရာ နေရာတွင် အကူအညီကို ရယူပါ။